
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၉ | ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁ ရက်

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်းရှိ အကောက်ခွန် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် X-Ray စက်ဖြင့် ကုန်သေတ္တာများ စစ်ဆေးနေမှုများကို ကြည့်ရှု စစ်ဆေးခြင်း





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မေလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများ စစ်ဆေးဆောင်ရွက်မှုနှင့် X-Ray စက်များဖြင့် ကုန်သေတ္တာစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ရန်ကုန်နှင့် သီလဝါဒေသ ရှိဆိပ်ကမ်းများတွင် အကောက်ခွန်ဝန်ထမ်းများတာဝန်ချထားမှု၊ အကောက်ခွန်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ ကုန်သေတ္တာများဝင်ရောက်မှု နှင့် တင်ပို့မှုကို စစ်ဆေးပေးနိုင်မှု၊ ဆိပ်ကမ်းများတွင် X-Ray စက်များဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများ ၊ ရန်ကုန်လေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ၊ အထူးကင်း နှင့် နယ်မြေအသီးသီးမှ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး/ဖမ်းဆီးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

Scanned by CamScanner

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အကောက်ခွန်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် နည်းမှန်လမ်းမှန်ဖြင့် ကျေပွန်စွာဆောင်ရွက်ရန်၊ အကောက်ခွန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် X-Ray စက်များကို ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်တင်း ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ရန် ၊ ဖမ်းဆီးရမိပစ္စည်းများကို အမြန်ဆုံးလေလံတင် ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် ၊ အကောက်ခွန်ဦးစီးဌာန၏ ဝင်ငွေလျာထားချက် ပြည့်မီစေရန်နှင့် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ဝန်ထမ်းများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လမ်းညွှန်မှာကြားခဲ့ပါသည်။

Scanned by CamScanner

# နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ပူးပေါင်း ဆောင်ရွက်နိုင်စေရန် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ



အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်တင်သွင်းခြင်း ၊ ကုန်တင်ပို့ခြင်း ၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ၊ ကုမ္ပဏီများ ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအား ၂၂-၅-၂၀၁၉ ရက်နေ့မှ ၂၄-၅-၂၀၁၉ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးအောင်ဆန်းထွန်း တက်ရောက်ခဲ့ပါသည်။

Scanned by CamScanner

# ဌာနကူးပြောင်းရောက်ရှိလာသော ဝန်ထမ်းများ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




အကောက်ခွန်ဦးစီးဌာနသို့ ဌာနကူးပြောင်းရောက်ရှိလာသော ဝန်ထမ်းများ အတွက် သင်တန်းဖွင့်ပွဲအခမ်းအနားအား ၂၀၁၉ ခုနှစ် ၊ မေလ (၁၃) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါသင်တန်းအား ဌာနပေါင်းစုံမှ ကူးပြောင်းရောက်ရှိလာသော ဝန်ထမ်း စုစုပေါင်း (၆၆) ယောက် တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၁) လကြာမြင့်ခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၇.၅၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၂၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၅၅၇.၅၁၆) သန်းဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်





ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် နှင့် ကုန်လှောင်ရုံတို့တွင် တားဆီး/ဖမ်းဆီးမှု (၆) မှု ခန့်မှန်းတန်ဖိုးကျပ် (၁၆၂.၅၇၆) သန်းရှိသည့်အနက် ၈-၅-၂၀၁၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် SQ 998 , SF-6660 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက် စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော iphone (68) Nos နှင့် Camera (18) Nos၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၀) သန်းအားတားဆီးခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၇.၅၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်းတားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီး/ဖမ်းဆီးမှု အနေဖြင့် (၁၂) မှ ခန့်မှန်းတန်ဖိုးကျပ် (၁၃၉၇.၀၈၅) သန်းရှိသည့် အနက် ၂၁-၅-၂၀၁၉ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Su Htet Hein Co., Ltd မှ တင်သွင်းလာသော Foton Light Truck အား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ Reshipment ခွင့်မပြုသော မော်တော်ယာဉ်အမျိုးအစား Foton Light Truck (၉) စီးအား ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း ကြေညာသဖြင့်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၃.၆) သန်းအား ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၇.၅၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် (၂၀၉) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၉၉၇.၈၅၅) သန်းရှိသည့်အနက် ၂၅-၅-၂၀၁၉ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်း (၁၅၇၃) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၈.၆၅၀) သန်းအားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၇.၅၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Nissan Diesel (၁၂) ဘီး ယာဉ် နှင့် (၁၀) ဘီး ယာဉ် (၂) စီးတို့ပေါ်တွင် တရားမဝင် တင်ဆောင်လာသော Ammonium Nitrate ဟုယူဆရသော ဓာတ်မြေဩဇာ (၇၇၅) အိတ် နှင့် ပစ္စည်းသယ် ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၈.၂၅) သန်းအား စစ်ဆေး တွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၇.၅၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၅-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် အင်္ဂဘိုဆီအုန်းခြံအနီး၊ စိမ်းလဲ့တင်အပန်းဖြေစခန်းအနီး နှင့် IT စားသောက်ဆိုင်အနီးတို့တွင် ရပ်တန့်ထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်များ ဖြစ်သော TOYOTA WISH ၊ MITSUBISHI PAJERO ၊ NISSAN X-TARIL စုစုပေါင်း ယာဉ် (၃) စီး၊ ခန့်မှန်းတန်ဖိုးကျပ် (၈.၈) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

Scanned by CamScanner

## မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မေလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၃၄၇.၅၅၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၁၂.၂၆၉ သန်း |
| | စုစုပေါင်း | - | ၅ မှု | ၅ မှု | ၃၅၉.၈၁၉ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၁-၅-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၉) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၃၈၀.၃၁၇) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned by CamScanner

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော စက်ပစ္စည်းများ ၊ စက်မှုကုန်ကြမ်းပစ္စည်းများ ၊ ကားအပိုပစ္စည်းများ ၊ စလောင်းနှင့်ဆက်စပ်ပစ္စည်းများ ၊ စားသောက်ကုန် ၊ လူသုံးကုန် နှင့် လျှပ်စစ်ပစ္စည်းများအား (၁၄-၅-၂၀၁၉) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၄) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၁၃၉) သန်းရရှိခဲ့ပါသည်။

Scanned by CamScanner

## ဖမ်းဆီးရမိသည့် ဘီယာမျိုးစုံ ၊ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်း







ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန်မသင့်သော ဘီယာမျိုးစုံ ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၆၀.၆၇၁) သန်းခန့်အား (၂၈-၅-၂၀၁၉) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Amplifier Speaker များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း၊ HS Code မှာ 8518.50.90 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။





Gas Stove များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 7321.11.10 ဖြစ်ပြီး အကောက်ခွန် 7.5% ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




သုတ်ဆေးများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ Hs Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 3209.90.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

Scanned by CamScanner